ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၄၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၅.၀၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ၂၈-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီဝင်ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်။ ဒေါ်လှိုးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေးကိစ္စတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၃)ဦးဖြစ်တဲ့အတွက်၊ စုစုပေါင်းခွင့်ပန်ကြားသူ (၁၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၁)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကွမ်းချောင်းဝကျေးရွာအုပ်စု၊ တွီဆီးဝကျေးရွာအုပ်စု၊ ငရှားကျေးရွာအုပ်စု ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းကို (၁၂)ပေအကျယ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကွမ်းချောင်းဝကျေးရွာအုပ်စု၊ တွီဆီးဝကျေးရွာအုပ်စု၊ ငရှားကျေးရွာအုပ်စု ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းကို (၁၂)ပေအကျယ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာအားလုံးနီးပါးသည် လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသော နေရာဒေသတစ်ခုဖြစ်ပါတယ်။ ခေတ်အဆက်ဆက် အစိုးရလက်ထက်တုန်းမှာလည်း လမ်းပန်းဆက်သွယ်ရေး ကိစ္စများ မိမိတို့ ပလက်ဝမြို့နယ်တွင် ချန်လှပ်ထားသည်ကို ယနေ့ထိ ကြုံတွေ့ရဆဲဖြစ်ပါတယ်။ အခု ပြည်သူ လူထုကိုယ်စားပြုသော အစိုးရသစ်လက်ထက်တွင် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျသော နေရာဒေသများ၌ အထူးအလေးထား ဆောင်ရွက်ပေးစေလိုပါတယ်။

ဇင်းလမ်းပိုင်းကို လွန်ခဲ့သော အစိုးရလက်ထက်တုန်းက လွှတ်တော်ရန်ပုံငွေထဲမှ ၂၀၁၂-၂၀၁၃ တွင် သိန်း(၂၀)ကျပ်၊ ၂၀၁၃-၂၀၁၄ တွင် သိန်း(၃၀)ကျပ်၊ ၂၀၁၄-၂၀၁၅ တွင် သိန်း(၅၀)ကျပ် အသီးသီးချပေးခဲ့သော်လည်း ပြီးစီးနိုင်မှုအခြေအနေမရှိသေးပါကြောင်း ကွင်းဆင်းလေ့လာချက်အရ

သိရှိရပါတယ်။ ကွမ်းချောင်းဝကျေးရွာအုပ်စုသည် အလယ်တန်းကျောင်းနှင့် ကျန်းမာရေးဌာနရှိသော ကျေးရွာလည်းဖြစ်ပြီး ပလက်ဝမြို့ကို အကြောင်းအရာ တစ်ခုခုကိစ္စဖြင့် သွားမည်ဆိုပါက လူသွားလမ်းကျဉ်းကျဉ်းဖြင့် ငရှားအုပ်စု အောက်နုံးဘူးကျေးရွာအထိ ကုန်းမိုင်(၁၃)မိုင်နှင့် အောက်နုံးဘူးကျေးရွာမှ ပလက်ဝမြို့သို့ ရေမိုင်(၁၅)မိုင်တိတိ စက်လှေကူးတို့ဖြင့်သွားလာရပြီး အခက်အခဲပေါင်း များစွာ ရင်ဆိုင်ဖြတ်ကျော်ခဲ့ရပါသည်။ အထူးသဖြင့် အရေးပေါ်လူနာများ ညဥ့်နက်သန်းခေါင် ပလက်ဝဆေးရုံသို့ပို့သောအခါ လူအယောက်(၁၀)ယောက်ခန့် လိုက်ပါ၍ ပခုံးပေါ်ထမ်းစင်ဖြင့် ခြေလျင်ခရီးနှင်ခဲ့ရသည်မှာ အဆိုးဆုံးဖြစ်ပါတယ်။ အများအားဖြင့် ဆေးရုံသို့မရောက်မီ လူနာများလမ်းပေါ်တွင်သာ သေဆုံးခဲ့ရသည်မှာ များပြားလွန်းပြီ ဖြစ်ပါတယ်။

၎င်းလမ်းအပိုင်းအား အုပ်စု(၃)အုပ်စုအတွင်းနေထိုင်သော ပြည်သူများသာမက အနီးတစ်ဝိုက်ရှိ ကျေးရွာအုပ်စုများမှ ပြည်သူလူထုများလည်း အသုံးပြုသော လမ်းမကြီးဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ မှ အလေးထားဆောင်ရွက်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်ကတော့ ပလက်ဝမြို့နယ်အတွင်းရှိ ကွမ်းချောင်းဝကျေးရွာအုပ်စု၊ တီွဆီးဝကျေးရွာအုပ်စု၊ ငရှားကျေးရွာအုပ်စု ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်း (၁၂) ပေအား ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနဲ့ အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို ဒေသခံပြည်သူများကိုယ်စား မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း ရဲ့ ပလက်ဝမြို့နယ်အတွင်းမှာရှိတဲ့ကွမ်းချောင်းဝကျေးရွာအုပ်စု၊ တီွဆီးဝကျေးရွာအုပ်စု၊ ငရှားကျေးရွာအုပ်စု ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်း(၁၂)ပေအကျယ် ဖောက်လုပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်၍ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်ဝန်းလုံးမှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက် စီမံကိန်းချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ငွေကျပ်

သန်းပေါင်း(၂၉၇၅.၉၉၅)သန်း သုံးစွဲပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်ပါ တယ်။

ဒါ့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်(၆၂၈၁.၉၅၆)သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးတင်း ရဲ့ ပလက်ဝမြို့နယ်အတွင်းမှာရှိတဲ့ ကွမ်းချောင်းဝကျေးရွာအုပ်စု၊ တွီဆီးဝ ကျေးရွာအုပ်စု၊ ငရှားကျေးရွာအုပ်စု ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်း (၁၂) ပေအကျယ် ဖောက်လုပ်ပေးရန် မေးမြန်းချက်နဲ့ စပ်လျဉ်း၍ အဆိုပါလုပ်ငန်းဟာ ဒေသအတွက် အမှန်တကယ် အကျိုးရှိနိုင်မည့် မဖြစ်မနေလိုအပ်သော လုပ်ငန်းဖြစ်ပါက လုပ်ထုံးလုပ်နည်းများအရ ဆက်လက် တင်ပြ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်၊ အကျိုးပြုကျေးရွာ၊ အိမ်ထောင်စုလူဦးရေ၊ ဒေသပေါက်ဈေးဖြင့် ကုန်ကျမည့် ခန့်မှန်းငွေစာရင်း၊ လုပ်ငန်းဆောင်ရွက်မည့် နေရာ၏ မြေပုံကြမ်းတို့လိုအပ်မည် ဖြစ်ပါတယ်။

သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများမှ စနစ်တကျ ကွင်းဆင်းလေ့လာ သုံးသပ်တင်ပြရန် လိုအပ်မည်ဖြစ်ပါသဖြင့် ပြည်နယ်အစိုးရအဖွဲ့နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိတဲ့ ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး ဟားခါးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကွင်းဆင်းလေ့လာ တင်ပြစေရေး အကြောင်းကြားသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ လမ်းဖောက်လုပ်ရန်အတွက် လိုအပ်တဲ့ အချက်အလက်များကို သက်ဆိုင်ရာ ဒေသမှ ပြုစုတင်ပြလာပါက လုပ်ငန်းအကျိုးသက်ရောက်မှုနဲ့ ဦးစားပေးအလိုက် အနီးဆုံးဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခွင့်ရရှိရေး စိစစ်လျာထား တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်း များသည် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျောင်းသားလူငယ် အားကစားပွဲတော်ကို နိုင်ငံတော်မှ ကျင်းပပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ မန်းထွန်းကြိုင် က ကျောင်းသားလူငယ် အားကစားပွဲတော်ကို နိုင်ငံတော်မှ ကျင်းပပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ မင်္ဂလာရှိသော နံနက်ခင်းပါခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ၊ ညွှန်ကြားရေးမှူးချုပ်နဲ့ ဝန်ထမ်းများ အားလုံး ချမ်းသာကိုယ်စိတ်မြဲကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၆) မြောင်းမြမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းထွန်းကြိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျောင်းသား လူငယ် အားကစားပွဲတော်ကို နိုင်ငံတော်မှ ပုံမှန်ကျင်းပပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားလူငယ်အင်အား (၉)သန်းကျော်ဟာ အခြေခံပညာကျောင်း တွေမှာ နှစ်စဉ်ပုံမှန် ပညာသင်ယူနေကြပါတယ်။ ကျောင်းနေပျော်၍ စာတော်ရမည်၊ အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက ဟူသော ဆောင်ပုဒ်များအရ သင်ရိုးညွှန်းတမ်းများတွင် အားကစားနှင့် ကာယပညာဘာသာရပ်ကို သက်ဆိုင်ရာ ကာယဆရာများက လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ယခင်က ကျောင်းသားလူငယ်အားကစားပွဲတော်ကို သက်ဆိုင်ရာ ဝန်ကြီးဌာန အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ အစီအစဉ်ဖြင့်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ခြင်းရှိပါတယ်။ ကျောင်းသားလူငယ်အားကစားပွဲတော်ကို ပုံမှန်ကျင်းပပြုလုပ်ပေးခြင်းအားဖြင့် (၁) ကျောင်းသား လူငယ်များ ကျန်းမာကြံ့ခိုင် ပျော်ရွှင်မှုများကို ရရှိစေခြင်း၊ (၂) ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးစေခြင်း၊ (၃) မူးယစ်ဆေးဝါးဘေးအန္တရာယ်မှ ကင်းဝေးစေခြင်း၊ (၄) အားကစားစည်းမျဉ်း၊ စည်းကမ်းဥပဒေများကို သိရှိ လေးစားလိုက်နာတတ်၍ ဇွဲသတ္တိ၊ လုံ့လ ဝီရိယ စိုက်ထုတ်ကာ တရားသောယှဉ်ပြိုင်အနိုင်ရယူလိုသည့် အားကစား စိတ်ဓာတ်ပြည့်ဝစေခြင်း၊ (၅) တိုင်းရင်းသားပေါင်းစုံ ပါဝင်သဖြင့် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိကာ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မြဲစေခြင်း၊ (၆) ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများစွာ မွေးထုတ်ပေးနိုင်ခြင်း၊ (၇) ပညာရေးနှင့် ကျန်းမာရေး ပေါင်းစပ်၍ ရရှိသည့် ဗဟုသုတအတွေ့အကြုံ များမှ အရည်အချင်းပြည့်ဝသော၊ အလုပ်လုပ်သော နိုင်ငံသားကောင်းများစွာ ဖြစ်ထွန်းလာခြင်းတို့ ဖြစ်ပါတယ်။

သို့ပါ၍ ကျောင်းသားလူငယ်အားကစားပွဲတော်ကို နိုင်ငံတော်မှ ပုံမှန်ကျင်းပပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်၊ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်များကို အများ ပြည်သူ သိရှိနိုင်ရန်အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကျောင်းအားကစားပြိုင်ပွဲများ နိုင်ငံတော်အဆင့်အထိ အဆင့်ဆင့်ကျင်းပပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က ကျောင်းအားကစားပြိုင်ပွဲများ နိုင်ငံတော်အဆင့်အထိ အဆင့်ဆင့်ကျင်းပပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဦးကျော်တုတ် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူ အပိုဒ် ၂၈(က)မှာ နိုင်ငံတော်သည် ပညာရေး၊ ကျန်းမာရေး တိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။

အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးရည်မှန်းချက်များမှာ တွေးခေါ်ကြံဆဝေဖန် ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံတဲ့ နိုင်ငံသားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်နဲ့ အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ကျောင်းကျန်းမာရေး လုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါတယ်။

ယနေ့ ပညာရေးရဲ့ သင်ကြားသင်ယူမှုဖြစ်စဉ်သဘောတရားသည် တွေးခေါ် ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ နိုင်ငံ့သားကောင်းဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရာမရောက်ဘဲ စာမေးပွဲအောင်ချက်မြင့်မားရေးသာ အချိန်ပြည့်ဆောင်ရွက်နေသော စက်ရုပ်သဖွယ်ဖြစ်နေရာ ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူသားအရင်းအမြစ်ကောင်းများဖြစ်ထွန်းရေးနှင့် များစွာအလှမ်းကွာဝေးနေပါတယ်။ လူငယ်တို့ရဲ့ ပင်ကိုယ်သဘာဝသည် လှုပ်ရှားနေသော သဘောရှိပါတယ်။ ထိုလိုအပ်ချက်ကို အားကစားနှင့် ကာယပညာက ဖြည့်ဆည်းပေးပါတယ်။ ကျောင်းသားတို့ စိတ်ဖိစီးမွန်းကြပ်မှုမရှိတော့ဘဲ အားကစားပွဲများတွင် ပျော်ရွှင်စွာ လှုပ်ရှားဆော့ကစားရင်း မူးယစ်ဆေးဝါးကင်းစင်လာမယ်၊ ပို၍ကျန်းမာသန်စွမ်းလာမှာဖြစ်ပါတယ်။

စိတ်ဓာတ်၊ စည်းကမ်းနဲ့ ပညာတည်ဆောက်ရေးမှာ အခြားဘာသာရပ်များ သင်ကြားရာမှ ရရှိသည်ထက် အားကစားပြုလုပ်ရာမှ ရရှိသည်က ပိုများသောကြောင့် အားကစားသည် မရှိမဖြစ်အရေးပါတဲ့ သင်ခန်းစာ ဖြစ်ပါတယ်။ အားကစားကြောင့် အနိုင်နဲ့အရှုံးသည် အမြဲဒွန်တွဲနေသော အရာနှစ်ခုမှန်း သိလာကြပါတယ်။ အရှုံးနှင့်ကြုံလျှင် မည်သို့ ခံစားကြရကာ၊ မည်သို့ကျော်လွှားရမည်ကို နားလည်လာသလို အောင်မြင်ခြင်းကို အလွန်အကျွံခံစား ဝမ်းသာခြင်းထက် ၎င်းအောင်မြင်ခြင်းကို ဆက်လက်ထိန်းသိမ်းရန် မည်မျှအပင်ပန်းခံရန် လိုအပ်သည်ကိုလည်းပဲ တွေးတတ်လာပါတယ်။ အလွန်အကျွံဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းမရှိတော့ဘဲ ထိန်းသိမ်းနိုင်သော အလေ့အကျင့် ရလာပါတယ်။ အားကစားကြောင့် အုပ်စုလိုက် ပူးပေါင်းလုပ်ကိုင်တတ်ကာ အများညီညွတ်ပူးပေါင်း

လုပ်ကိုင်မှ အောင်မြင်မှုပမာဏပိုမိုကြီးမားသည်ကို လက်တွေ့သဘောပေါက်လာပါတယ်။ အားကစား လုပ်ခြင်းသည် ဆရာသင်တာကိုပဲ နားထောင်၊ လိုက်ဆို၊ မှတ်ယူဆိုတဲ့ Passive Learner နွေးကွေး သော ပညာရှာမှုမှ ဆရာသင်တာရော၊ မိမိဘာသာနည်းလမ်းပေါင်းစုံနဲ့ တွေးခေါ်စဥ်းစား ကြိုးစားအားထုတ်တတ်တဲ့ Active Learner သွက်လက်သော ပညာရှာသူအဖြစ်သို့ ရောက်မည်ဟု ယုံကြည်၍ ဤသို့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

ထို့ကြောင့် ကျောင်းသား/ကျောင်းသူတိုင်း ပါဝင်နိုင်သော အားကစားမျိုးစုံပြိုင်ပွဲများ ကျောင်းတွင်းအဆင့်၊ မြို့နယ်၊ ခရိုင်အဆင့် နှစ်စဥ်ပြုလုပ်ပေးရန် ညွှန်ကြားထားမှု ရှိ/မရှိနဲ့ နိုင်ငံတော် အဆင့်ထိ ပြိုင်ပွဲကို (၂)နှစ်(၁)ကြိမ်ပြုလုပ် နိုင်ရန် အစီအစဥ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖဒူ(အလယ်ရွာ)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့်မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖဒူ(အလယ်ရွာ)ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုပညာရေးဝန်ကြီး၊ တက်ရောက်လာကြသော အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပညာရေးနဲ့ ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ သို့သော် ဒီမေးခွန်းက ကျွန်တော်တို့ အခြေခံပညာအထက်တန်း(ခွဲ)အား အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြည်ထောင်စုအဆင့်ဖြစ်တဲ့ အမျိုးသားလွှတ်တော်မှာ မေးရခြင်းအကြောင်းရင်းက ရခိုင်ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အစိုးရများ၏ လုပ်ပိုင်ခွင့်အောက်မှာ မရှိတဲ့၊ စီမံခွင့်အောက်မှာ မရှိတဲ့ မေးခွန်းဖြစ်လို့ ပြည်ထောင်စု အဆင့်ဖြစ်တဲ့ အမျိုးသားလွှတ်တော်မှာ ကျွန်တော် မေးရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပေါက်တောမြို့နယ်၊ ဖဒူ(အလယ်ရွာ)ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဟာ အလယ်ဖရုံကာကျွန်း၏ တောင်ဘက်ပိုင်းတွင် တည်ရှိပြီး စစ်တွေမြို့နှင့် (၃၅)မိုင်ခန့်၊ ပေါက်တောမြို့နှင့် (၃၀)မိုင်ခန့်ကွာဝေးပြီး

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသ ဖြစ်ပါတယ်။ စက်လှေဖြင့် သွားပါကလည်း စစ်တွေမှ ဖဒူ(အလယ်ရွာ)ကျေးရွာသို့ (၆)နာရီခန့်၊ ပေါက်တောမှ ဖဒူ(အလယ်ရွာ) ကျေးရွာသို့ (၅)နာရီခန့် ကြာမြင့် မည် ဖြစ်ပါတယ်။

အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) တည်ရှိတဲ့ ဖဒူ(အလယ်ရွာ) ကျေးရွာဟာ မြို့နှင့် အလှမ်းကွာဝေးကာ လမ်းပန်းဆက်သွယ်မှု ခက်ခဲသော်လည်း အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ(၂၀)ကျော်နှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူသောကြောင့် ဖဒူအခြေခံအထက်တန်းကျောင်း(ခွဲ)သို့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ(၂၀)မှ ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားလျက်ရှိပါတယ်။ ပညာသင်ကြားနေသော ကျောင်းသူ/ကျောင်းသား(၆၅၂)ဦးရှိပြီး၊ အရန်ကျောင်းများ အင်အားကောင်းပါသဖြင့် နောက်လာမည့် ပညာသင်နှစ်များတွင် ကျောင်းသားအင်အား (၇၀၀) သို့မဟုတ် (၈၀၀)ခန့်ထိ တိုးပွားလာနိုင်မည် ဖြစ်ပါတယ်။ ကျေးရွာများနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ကျောင်းသားမိဘများနှင့် ဒေသခံပြည်သူများမှာ ပညာရေးကို အထူးလိုလားကြပါတယ်။ မိမိအရပ်ဒေသမှ အခြေခံပညာ အထက်တန်းအဆင့်ကို ပြီးမြောက်အောင် သင်ကြားလိုကြပါတယ်။ ဖဒူ(အလယ်ရွာ) ကျေးရွာနဲ့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ အနေဖြင့် အထက်တန်းပညာကို မိမိဒေသတွင် ပြီးမြောက်အောင် သင်ကြားနိုင်ရေးအတွက် ဖဒူဒေသတွင် အထက်တန်းကျောင်းတစ်ကျောင်း လိုအပ်လျက်ရှိတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဖဒူ(အလယ်ရွာ)ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများရှိ ဒေသခံပြည်သူများ၏ ပညာရေးအခက်အခဲကို ပြေလည်စေရေးအတွက် ဖဒူ(အလယ်ရွာ)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်မြှင့် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းထွန်းကြိုင် ရဲ့ ကျောင်းသားလူငယ်အားကစားပွဲတော်ကို နိုင်ငံတော်မှ ကျင်းပပြုလုပ်ပေးရန်ကိစ္စနှင့် မန္တလေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ ကျောင်းအားကစားပြိုင်ပွဲများ နိုင်ငံတော်အဆင့်အထိ

အဆင့်ဆင့်ကျင်းပပေးရေး ကိစ္စများနှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုအား ပူးတွဲဖြေကြားသွားခွင့်ပြုဖို့လို့ အတွက် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားအားကစားပွဲတော်များကို ကျင်းပပေးခြင်းအားဖြင့် အမျိုးသား ပညာရေးဥပဒေပါ ရည်မှန်းချက်တစ်ခုဖြစ်သော တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည် လေ့ကျင့်ပေးရန်ဟူသည့် အချက်ကို အထောက်အကူဖြစ်စေတယ်ဆိုတာ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ အားကစားလှုပ်ရှားမှုများဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကလေးလူငယ်များကို အကျိုးကျေးဇူးများ ရရှိဖြစ်ထွန်းစေမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အားကစားပြိုင်ပွဲတွေ၊ အားကစားလှုပ်ရှားမှုများဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာနှင့် စိတ်ဓာတ်ဖွံ့ဖြိုးပြီး ကြံ့ခိုင်သန်စွမ်းခြင်း၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်တတ်ခြင်း၊ လူမှုရေးနှင့်ပေါင်းသင်းဆက်ဆံရေးတို့တွင် ဝင်ဆံ့စေခြင်းနှင့် ပြေပြစ်စွာနေတတ်ခြင်း၊ စည်းကမ်းကိုစောင့်ထိန်း၍ ဥပဒေကို လေးစားလိုက်နာတတ်ခြင်း၊ ဇွဲရှိခြင်း၊ သည်းခံခြင်းနှင့် ဖြူစင်ဖြောင့်မတ်ခြင်း စသည့်စိတ်ဓာတ်ကောင်းများရရှိစေခြင်း၊ စဥ်းစားဝေဖန် ကောက်နုတ်ချက်များကို တိုးတက်စေခြင်းနှင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများကို ရရှိစေမှာဆိုတာကို ဆွေးနွေးသွားကြတာကို ကျွန်တော်တို့အနေနဲ့ ဒါ ကြိုဆိုပါတယ်။

ဒါ့အပြင် အားကစားလှုပ်ရှားမှုများ ပြုလုပ်ရခြင်းဖြင့် ကလေးများကျောင်းနေပျော်ပြီး ကျောင်းထွက်နှုန်းများကိုလည်း လျော့နည်းစေမှာဖြစ်ပါတယ်။ အားကစားပြိုင်ပွဲများ ကျင်းပခြင်းသည် တစ်နည်းအားဖြင့် သင်ယူမှုဝန်းကျင်ကောင်းများကို ဖန်တီးပေးခြင်း သို့မဟုတ် သင်ယူလိုမှုကို ပံ့ပိုးပေး သောအစီအစဥ်တစ်ခုဖြစ်တယ်ဆိုတာကိုလည်း အတည်ပြုပါတယ်။ ကျောင်းသားအားကစားပွဲတော် များကို ယခင်အစိုးရများလက်ထက်ကလည်း ၁၉၉၁ ပညာသင်နှစ်မှ ၁၉၉၇-၁၉၉၈ ပညာသင်နှစ်အထိ (၈)ကြိမ်တိုင် တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များ၌ အလှည့်ကျစနစ်ဖြင့်လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ နေပြည်တော်၌ (၂)ကြိမ်တိုင်တိုင် လည်းကောင်း ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ကျောင်းထွက်နှုန်း လျော့နည်းရေး၊ သင်ယူမှုဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရန်၊ သင်ကြားမှု အထောက်အကူပြု အစီအစဥ်များဖြင့် ပညာရေးအရည်အသွေးမြင့်မားရေးအတွက် ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသလို ပညာရေးပြက္ခဒိန်ပါ လအလိုက် ပညာရေးလုပ်ငန်းများအရ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ကျောင်းတွင်း အားကစားပြိုင်ပွဲ များကိုလည်းကောင်း၊ စက်တင်ဘာလတွင် မြို့နယ်ကျောင်းသား အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ နိုဝင်ဘာလတွင် ခရိုင်နှင့်တိုင်းဒေသကြီး၊ ပြည်နယ် ကျောင်းသားအားကစားပြိုင်ပွဲများကိုလည်းကောင်း၊ သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများကိုလည်းပဲ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်း၍ ကျင်းပပေးလျက်ရှိပါတယ်။

သို့သော် မြို့နယ်အားလုံးတွင် ဆောင်ရွက်ရန်အတွက်မူ အားကစားကွင်း၊ အားကစားအဖွဲ့ချုပ်များနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေပေါ်မှာလည်း မူတည်နေပါတယ်။ ဒါ့အပြင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ရေကူး၊ လှေလှော်၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ် စသည့် အားကစားပြိုင်ပွဲများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအလိုက်၊ ဇုန်အလိုက်၊ ဦးစီးအဆင့်အလိုက်၊ နိုင်ငံတော်အဆင့်အလိုက် ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၂)နှစ် တစ်ကြိမ် ကျင်းပသော အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games) (AUG) ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြု တက္ကသိုလ်များမှ အားကစားမောင်မယ်များမှ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် စင်ကာပူ နိုင်ငံ၌ကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည့်နည်းတူ အခြားနိုင်ငံများမှ ဖိတ်ကြားသည့် အားကစားပြိုင်ပွဲများသို့လည်း သွားရောက်ယှဉ်ပြိုင်လျက်ရှိပါတယ်။ အဲဒီလို ကျင်းပနေတဲ့ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၂၀၁၈ ခုနှစ်မှာ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်နှင့် လက်ခံကျင်းပသွားဖို့အတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ဖြေကြားချက်အရ အားကစားပြိုင်ပွဲများကို နိုင်ငံတကာပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်ပြီး ကူညီပံ့ပိုးပေးခြင်း၊ ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အားကစားကွင်း၊ အားကစားရုံများ စီစဉ်ပေးခြင်းတို့ကို ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက်များအပေါ် မူတည်ပြီး ဝန်ကြီးဌာနများနှင့်အားကစားအဖွဲ့ချုပ်များ ပေါင်းစပ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းသားလူငယ်အားကစားပွဲတော်အား ပြန်လည်ကျင်းပနိုင်ရေးအတွက် ယခုပညာသင်နှစ်တွင် သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများကို ပုံစံအမျိုးမျိုးနဲ့ ကျင်းပပေးလျက်ရှိပြီး၊ အားကစားပြိုင်ပွဲအမျိုးအစား တိုးချဲ့၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲပြုစု၍ ခွင့်ပြုရန်ပုံငွေဖြင့် အစဉ်အလာ၊ စွမ်းရည်ကောင်းသော အားကစားပြိုင်ပွဲများအတွက် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းစီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးခွန်း၊ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖဒူ(အလယ်ကျေးရွာ)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်း အဖြစ်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သတ်မှတ်မူများနှင့်ကိုက်ညီသော အခြေခံပညာကျောင်း (၉၃၇)ကျောင်း၊

သတ်မှတ်မှုများအား ဖြေလျှော့ပေးခဲ့သော အခြေခံပညာကျောင်း(၂၃၇၅)ကျောင်း၊ စုစုပေါင်း အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း၊ ကျောင်းခွဲများ အပါအဝင် (၃၃၁၂)ကျောင်းကို အဆင့်တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ အလယ်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်း(ခွဲ)များတွင်လည်း အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းတို့လို သင်ယူခွင့် အခွင့်အလမ်းများ အပြည့်ရရှိနေတာမို့လို့ သတ်မှတ်ချက်နဲ့ မကိုက်ညီလျှင် အဆင့်တိုးပေးဖို့ မသင့်သေးပါကြောင်း တင်ပြ အပ်ပါတယ်။ အဲဒီလို တင်ပြရခြင်းဟာလည်း ဆရာ၊ ဆရာမများ ခန့်ထားဖို့၊ ကျွန်တော်တို့ ဒါ ကျောင်းဆောင်များ တိုးချဲ့တည်ဆောက်ပေးဖို့၊ ပြီးရင် ကျွန်တော်တို့ သင်ထောက်ကူပစ္စည်းတွေ၊ ဆရာ၊ ဆရာမတွေ အရည်အသွေး မြင့်မားဖို့လို့အတွက် ကျွန်တော်တို့စတဲ့ အရည်အသွေးမြင့်မားရေး တွေကိုလည်းပဲ တစ်ပြိုင်တည်းမှာ တိုးချဲ့ဆောင်ရွက်နေရတဲ့အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၊ ဖဒူ(အလယ်ရွာ) အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)တွင် စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၁၁၃)ဦးသာ ရှိပါတယ်။ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၂၀၀)ဦးနှင့် အထက်ရှိရန် သတ်မှတ်ထား ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(Sanction) အဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် သတ်မှတ်မှုဘောင်နှင့်ကိုက်ညီမှုရှိရန် လိုအပ်နေသေးပါတယ်။ သို့သော် ကျွန်တော်တို့ ခုနတုန်းက ကိုယ်စားလှယ်တော်ကြီးက ဒါ သတ်မှတ်တဲ့ မိုင်(၃၀)ထက် ကွာဝေးတယ်ဆိုတော့လည်းပဲ အဲဒီ ဖဒူ(အလယ်ရွာ)အထက်တန်းကျောင်း(ခွဲ)မှာ ကျောင်းသား၊ ကျောင်းသူတွေက အထက်တန်းအဆင့်ပညာတွေကို သင်ယူခွင့် ရနေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သတ်မှတ်မှုဘောင်တွေကိုဖြေလျှော့၍ အဆင့်တိုးမြှင့်ပေးနိုင်သည့် အခြေအနေနှင့် ကိုက်ညီမှုရှိမှသာ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျာ။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင်

ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးသိန်းလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ် ၁ / အမ ( ကော်မတီ-၁ ) ၁ / ၂၀၁၆ - ၃၂၀

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ၂၇ ရက်

၁။ ပြည်သူ့လွှတ်တော်က နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ (၂၀.၉.၂၀၁၆)ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၆-၉-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးတစ်ဦးဦး အပါအဝင် ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ကျေးရွာတာဝန်ခံဖြစ်စေ၊ ဆယ်အိမ်မှူး တစ်ဦးဦး အပါအဝင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမျှတည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့် သို့မဟုတ် ဝရမ်း တစ်စုံတစ်ရာ မရရှိဘဲ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာ ဖြစ်စေရန်နှင့်

ရာထူးခန့်ထားရေးတွင် ဆောင်ရွက်မြဲလုပ်ငန်းများနှင့်ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၉ တွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမျှ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ဖြင့် နိုင်ငံတော်၏အကျိုးငှာ ရာထူးတာဝန်တစ်ခုခု ခန့်အပ်ရန်ကိစ္စမှတစ်ပါး ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း ခိုင်လုံသည့် အထောက်အထားမရှိဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေ သိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ (ဂ) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအကြား ဆက်သွယ်ရေးပစ္စည်း ကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူနားထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက် ပေးခြင်းမပြုရ ဆိုသည့် ပြဋ္ဌာန်းချက်သည် ပြည့်စုံလုံလောက်ပြီး ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားသော အပိုဒ် ၈၊ အပိုဒ်ခွဲ(ဇ) တွင် ဖော်ပြထားသော တရားစီရင်ရေးကိစ္စများတွင် သက်သေအဖြစ် အသုံးပြုရန်မှအပ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်ဆက်ဆံ ပြောဆိုရာတွင် လည်းကောင်း၊ ဆက်သွယ်ရေး ပစ္စည်း ကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောဆိုရာတွင်လည်းကောင်း အသံဖမ်းခြင်း သို့မဟုတ် ရုပ်သံ မှတ်တမ်းတင်ခြင်း ပြုလုပ်ပြီး လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကျဆင်းစေရန် သို့မဟုတ် အကျိုးစီးပွားနစ်နာစေရန် ဆောင်ရွက်ခြင်းမပြုရ ဆိုသည့် အတည်ပြုချက်အား မလိုအပ်သဖြင့် ပယ်ဖျက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းအပေါ်တွင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်တို့နှင့် ဆွေးနွေးညှိနှိုင်းပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအား ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက်

အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃-၁၀-၂၀၁၆ ရက် (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင်က ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အစီရင်ခံစာ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ် ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၆-၁၁၆

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ၁၅-၉-၂၀၁၆ ရက်နေ့မှာ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၁-၉-၂၀၁၆ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာသန်းဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ စောယှားဖောင်အွာ နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးကျော်နိုင် တို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၂-၉-၂၀၁၆ ရက်နေ့တွင် ထပ်မံတွေ့ဆုံ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်ကတော့ -

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်သုံးသပ်ရာမှာ -

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ၏ အကြံပြုဆွေးနွေးချက်အရ ယခုပြင်ဆင်သည့် ဥပဒေအား လေ့လာသုံးသပ်သည့်အခါ မသမာသောနည်းများဖြင့် ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုမှု၊ အရေးယူမှုများကို အလေးထား ပြဋ္ဌာန်းခြင်း၊ ပညာရေးစနစ်တစ်ခု၏ အဆင့်အတန်း၊ အရည်အသွေး၊ အာမခံနိုင်မှုဟာ မသမာသောနည်းဖြင့် ဖြေဆိုခြင်းကို ထိန်းကွပ်နိုင်မှုအပေါ်မှာ များစွာ တည်မှီနေသည်ဖြစ်ပါ၍ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် ထောက်ခံပါကြောင်း အကြံပြုဆွေးနွေးပြီး ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်ရှင်။

(ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုး ရဲ့ အကြံပြုဆွေးနွေးချက်များအရကတော့ အဓိပ္ပာယ် ပိုမိုပြည့်စုံစေရန်အတွက် ပြင်ဆင်သည့် ဥပဒေကြမ်းရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၅)မှာ ဖော်ပြထားတဲ့ စကားရပ်များအစား "နည်းပညာ တစ်ခုခု၏ အထောက်အကူကိုရယူ၍ ဖြေဆိုခြင်း" ဆိုတဲ့ စကားရပ်နဲ့လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၆)ရဲ့ အောက်မှာ ပုဒ်မခွဲငယ် (၇) အဖြစ် "မိမိရဲ့ အဖြေလွှာကို သက်ဆိုင်ရာတာဝန်ရှိသူသို့ မပေးအပ်ဘဲ ပြင်ပသို့ ယူသွားခြင်း" ဆိုတဲ့ စကားရပ်နဲ့ လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၈)ကို မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁၂)တွင် ဖော်ပြထားသော စကားရပ်များအစား "စာစစ်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် မသမာသော နည်းလမ်းဖြင့် ဖြေဆိုခြင်း" ဆိုတဲ့ စကားရပ်နဲ့လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၃)မှာ ဖော်ပြထားတဲ့ "စာဖြေလွှာ" ဆိုသည့်စကားရပ်ကို "အဖြေလွှာ" ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်ရှင်။

(ဂ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ ရဲ့ အကြံပြုဆွေးနွေးချက်အရကတော့ မူလဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁၁)တွင် ဖော်ပြထားတဲ့စကားရပ်ကို "မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ ရယူခြင်း" ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်ရှင်။

(ဃ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နိုင် ရဲ့ အကြောင်းပြချက် (၇) ခုဖြင့် ဆွေးနွေးချက်ကတော့ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းဟာ ရုပ်သိမ်းရမည့် ဥပဒေဖြစ်ကြောင်းနှင့် လုံး၀ အသစ် ပြန်လည်ရေးဆွဲသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြခဲ့တဲ့အတွက် မူလဥပဒေကြမ်း ကော်မတီရဲ့ သဘောထားမှတ်ချက်အတိုင်းသာ ပြန်လည်ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီ မှုရရှိခဲ့ကြပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တွင် ပညာရေး၀န်ကြီးဌာနမှ တာ၀န်ရှိ ပုဂ္ဂိုလ်များ၊ အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ နှင့် ဆွေးနွေးမှုများပြုလုပ်ရာတွင် အကျေအလည် ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ကြပြီး ဖြစ်သဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များကို ဆွေးနွေးညှိနှိုင်းပြင်ဆင်ပြီး ဥပဒေကြမ်း ကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံစာ တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ် (၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုတဲ့ ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့၀င်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရ၀ပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီး က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီ၀င် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာ၀န်ပေးချက်အရ စာစစ်အဖွဲ့ရဲ့ တတိယအကြိမ်မြောက် ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်လို့ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြု တင်ပြသွားမှာ ဖြစ်ပါတယ်။

အခု ပထမဆုံး စာစစ်အဖွဲ့ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ စာစစ်အဖွဲ့ရဲ့ ခေါင်းစဉ်နဲ့ ပတ်သက်လို့ ပြင်ဆင်ချက် ဖြစ်ပါတယ်။ စာစစ်အဖွဲ့ရဲ့ ခေါင်းစဉ်ကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေလို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ အဆိုပြုတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ် ၁ ဖြစ်ပါတယ်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၃။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၂(က) ဖြစ်ပါတယ်။

၂။ (က) ပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ခ) ဤဥပဒေသည် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသော စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်အားလုံးနှင့်အကျုံးဝင်စေရမည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက် အပိုဒ် ၃(က) ဖြစ်ပါတယ်။

၃။ (က) ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) စာမေးပွဲဆိုသည်မှာ အခြေခံပညာရေးအဆင့် သင်ကြားမှု ပြီးဆုံးသည့်အခါ ဤဥပဒေအရစာစစ်အဖွဲ့က စစ်ဆေးသော စာမေးပွဲကိုသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အဆိုပါစာစစ်အဖွဲ့သို့ သီးခြားတာဝန်လွှဲအပ်၍ စစ်ဆေးစေသော အခြားစာမေးပွဲကိုသော်လည်းကောင်း ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက် အပိုဒ်(ခ) ဖြစ်ပါတယ်။

( ခ )	ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

( ခ )	စာစစ်အဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက် အပိုဒ်(ဂ) ဖြစ်ပါတယ်။

(ဂ)	ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဃ)	သင်ရိုးမာတိကာ ဆိုသည်မှာ စာစစ်အဖွဲ့မှ ကျင်းပစစ်ဆေးမည့် စာမေးပွဲများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှ ရေးဆွဲပြဋ္ဌာန်းထားသော ဘာသာရပ်များ၏ သင်ခန်းစာအသေးစိတ်အစီအစဉ်ကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက် အပိုဒ်(ဃ) ဖြစ်ပါတယ်။

(ဃ)	ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၄) ၏နောက်တွင် ပုဒ်မခွဲငယ်(၅) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၅)	နည်းပညာတစ်ခုခု၏ အထောက်အကူကိုရယူ၍ ဖြေဆိုခြင်း လို့ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက် အပိုဒ်(င) ဖြစ်ပါတယ်။

( င )	ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၅) ကို ပုဒ်မခွဲငယ် (၆)အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

(၆)	လူအစားထိုး၍ ဖြေဆိုခြင်း လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက် အပိုဒ်(စ) ဖြစ်ပါတယ်။

( စ )	ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၆) ကို ပုဒ်မခွဲငယ် (၇) အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

(၇)	မိမိ၏ အဖြေလွှာကို သက်ဆိုင်ရာတာဝန်ရှိသူသို့ မပေးအပ်ဘဲ ပြင်ပသို့ ယူသွားခြင်း လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက် အပိုဒ်(ဆ) ဖြစ်ပါတယ်။

(ဆ) (၉) အဖြေလွှာအား ဆုတ်ဖြဲခြင်း၊ စစ်ဆေး၍ မရအောင် ဆောင်ရွက်ခြင်းနှင့် အဖြေလွှာပေါ်တွင် ညစ်ညမ်းစာ သို့မဟုတ် အမှတ်အသားများ ရေးသား ထားခြင်း၊

(၁၁) မေးခွန်းကို စာမေးပွဲမတိုင်မီကြိုတင်၍ ရယူခြင်း လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက် အပိုဒ်(ဇ) ဖြစ်ပါတယ်။

(ဇ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၁၁)၏ နောက်တွင် ပုဒ်မခွဲငယ် (၁၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၁၂) စာစစ်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် မသမာသော နည်းလမ်းဖြင့် ဖြေဆိုခြင်း လို့အစားထိုး ပြင်ဆင်ဖြည့်စွက်ထားတာ ရှိပါတယ်။

ပြင်ဆင်အစားထိုး ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ အဆိုပြု တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ်ခွဲငယ်(၉)(၁၁)၊ အပိုဒ်(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ်ခွဲငယ်(၉)(၁၁)၊ အပိုဒ်(ဇ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၈။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၄(က)ဖြစ်ပါတယ်။ ပြင်ဆင်ချက်အပိုဒ် ၄(က) က ဥပဒေရဲ့ ပုဒ်မ ၃(က)ကို ပြင်ဆင် ထားတာ ဖြစ်ပါတယ်။

၄။ (က) ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃။(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ် များကိုကြီးကြပ်ရန် အတွက် စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်။

ပြင်ဆင်ချက် အပိုဒ် ၄(ခ)ဖြစ်ပါတယ်။ စာမျက်နှာနံပါတ် ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ နံပါတ်(၅)မှာ ဖြစ်ပါတယ်။ မူလ ပုဒ်မ ၃(ခ) ရဲ့ ခြေဆင်းကို ပြင်ဆင်ထားတာဖြစ်ပါတယ်။

( ခ ) စာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည် လို့ ပြင်ဆင်ထားပါတယ်။

နောက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၄(ဂ) ဖြစ်ပါတယ်။ ကန့်လန့်ဖြတ် ဇယားရဲ့ စာမျက်နှာနံပါတ်(၆) ဖြစ်ပါတယ်။ ပုဒ်မ ၃(ဂ) ကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

( ဂ ) စာစစ်အဖွဲ့တွင် ရာထူးအလျောက် အဖွဲ့ဝင်များမှတစ်ပါး၊ အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာ သုံးနှစ် ဖြစ်ရမည် လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ အဆိုပြုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)၊ အပိုဒ် ၄(ခ) ခြေဆင်း၊ အပိုဒ် ၄(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က)၊ အပိုဒ် ၄ (ခ)ခြေဆင်း၊ အပိုဒ် ၄(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၅(စ) ဖြစ်ပါတယ်။ ကန့်လန့်ဖြတ် ဇယားရဲ့ စာမျက်နှာ နံပါတ်(၇) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၅(စ) က မူလ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဇ) ရဲ့ ပုဒ်မခွဲငယ်(၂)နဲ့ (၃) ကို ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၄ ရဲ့ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၂) ကို ပြင်ဆင်ထားပါတယ်။

၅။ (စ) ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၂) - မသမာမှုပြုနေသည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူတစ်ဦးအား အရေးယူရန် သက်ဆိုင်ရာ ဌာနသို့ အကြောင်းကြားရမည်။

ပုဒ်မခွဲငယ်(၃) - အဖြေလွှာများ စစ်ဆေးရာတွင် မသမာသောသဘောဖြင့် အမှတ်များ ပိုမိုပေးခြင်း၊ သို့မဟုတ် လျော့နည်းပေးခြင်း၊ အဖြေလွှာများတွင် ထပ်မံ ဖြည့်စွက် ဖြေဆိုပေးခြင်း စသော မတရားမှုများပြုသည့် သို့မဟုတ် ထိုသို့ပြုသည်ကို အားပေး ကူညီသည့် သို့မဟုတ် ထိုသို့ပြုသည်ကို တွေ့ရှိသော်လည်း လျစ်လျူရှုသည့် အဖြေလွှာ စစ်ဆေးရန် ကြီးကြပ်သူ၊ သို့မဟုတ် စစ်ဆေးသူအားအရေးယူရန် သက်ဆိုင်ရာ ဌာနသို့ အကြောင်းကြားရမည်။

ဒီပြင်ဆင်ချက်များကို အတည်ပြုပေးပါရန် လွှတ်တော်သို့ အဆိုပြု တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(စ)၊ ပုဒ်မခွဲ(ဇ)(၂)(၃) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(စ)၊ ပုဒ်မခွဲ(ဇ)(၂)(၃) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၆ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာနံပါတ်(၈)မှာ ဖြစ်ပါတယ်။ မူလ ဥပဒေရဲ့ ပုဒ်မ ၅ ပုဒ်မခွဲ (က)(ခ)နဲ့(ဂ)တို့ကို ပြင်ဆင်ဖြည့်စွက် ထားတာ ဖြစ်ပါတယ်။

၆။ ၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပညာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပညာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံစာစစ် ဦးစီးဌာနသည် အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ အဆိုပြုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၊ ပုဒ်မ(၅)(က)(ခ)(ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၊ ပုဒ်မ(၅)(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဦးအောင်ကြည်ညွှန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ဒီဥပဒေကြမ်းရဲ့ အဆိုပြုထားတဲ့အတိုင်း ဥပဒေကြမ်းကော်မတီက အတည်ပြုထားတဲ့ အပိုဒ်များ ဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၄၊ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)မှ(၉) အထိ၊ အပိုဒ် ၅ ပုဒ်မခွဲ(က)မှ(င)အထိ၊ အပိုဒ် ၅၊ ပုဒ်မခွဲ(စ) ပုဒ်မခွဲ(ဇ) ပုဒ်မခွဲငယ်(၁)နဲ့(၄)၊ အပိုဒ် ၆ ခြေဆင်းနှင့် ပြောင်းလဲအမှတ်စဉ်ထားတဲ့ အပိုဒ် ၃ ပုဒ်မခွဲ(ဆ) ပုဒ်မခွဲငယ်(၁၀)တို့ကို အဆိုပြုချက်အတိုင်း ထားရှိရန် တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ ဥပဒေကြမ်းကော်မတီက မူလ ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားရှိရန် အဆိုပြုတင်ပြချက် ဖြစ်ပါတယ်။

မူလဥပဒေရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(င) ပုဒ်မခွဲငယ်(၇) ကို ပုဒ်မခွဲငယ်(၈) အဖြစ် ပြောင်းလဲ၍ မူလ ပြဋ္ဌာန်းချက်အတိုင်းထားရှိရန် အဆိုပြု တင်ပြအပ်ပါတယ်။

ဒီတင်ပြချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူ လျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)က ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေကြီး မဲဆန္ဒနယ်အမှတ်(၆ )။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဖြစ်သူ ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအမျိုးသားလွှတ်တော်ကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကိုပြင်ဆင်ဖို့ တင်သွင်းခဲ့တာ ရည်ရွယ်ချက်နှစ်ရပ်နဲ့ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်

နှစ်ရပ်ကတော့ ပညာရေးဝန်ကြီးဌာနမှချမှတ်ထားသော မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်ဆိုတဲ့ ပထမ ရည်ရွယ်ချက်နှင့် ဒုတိယရည်ရွယ်ချက်ကတော့ ခေတ်ကာလနှင့်လျော်ညီသော အခေါ်အဝေါ် အသုံးအနှုန်းများ မှန်ကန်မှုရှိစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တင်သွင်းခဲ့တာဖြစ်ပါတယ်။ ယခုအခါ မှာလည်း အမျိုးသားလွှတ်တော်က ဥပဒေကြမ်းရဲ့ခေါင်းစဉ်ပြင်ဆင်ချက်နဲ့အတူ မူလပြဋ္ဌာန်းချက်၊ အသစ်ဖြည့်စွက်ချက်၊ ပြင်ဆင်ချက်များကို အပိုဒ်၊ အပိုဒ်ခွဲ၊ အပိုဒ်ခွဲငယ်အလိုက် အတည်ပြုပြီး ဖြစ်သည့်အတွက် ဤ ၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၀၈။**

**မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆ )။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ လို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အတွင်းရေးမှူး လွှတ်တော်အခွင့်အရေးကော်မတီ၊ ဦးမင်းဦး ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၆)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် မန်းထွန်းကြိုင် က လေးနက်စွာ ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၁၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၃) ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]